**ကေအဲန်ယူ- ကရင့်အမျိုးသား အစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

**၇၄ နှစ်မြောက်"ကရင့်အမျိုးသားလွတ်မြောက်ရေး(ကော်သူးလေ)တပ်မတော်နေ့" သို့**

**ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံး ဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဂင်း မှ ပေးပို့သော သဝဏ်လွှာ**

ဇူလိုင်လ(၅)ရက်၊ ၂၀၂၃ ခုနှစ်

**ကရင့်အမျိုးသား မျိုးချစ် ခုခံတော်လှန်ရေး ခေါင်းဆောင်များ၊ တပ်ဗိုလ်တပ်မှူးများ နှင့် ပြည်သူလူထု အပေါင်းတို့၊**

ယနေ့သည် (၇၄)**နှစ်မြောက်** **ကရင့်အမျိုးသားလုံးဆိုင်ရာ(ကော်သူးလေ)တပ်မတော်နေ့** ဖြစ်ပါသည်။ ယနေ့ **ကရင့်အမျိုးသားလုံးဆိုင်ရာ(ကော်သူးလေ)တပ်မတော်နေ့** တွင် ကရင့်အမျိုးသားလွတ်မြောက်ရေး တပ်မတော်မှ အရာရှိ စစ်သည်များနှင့် မျိုးချစ်တပ်မတော်သားများ၊ မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်များနှင့် ပြည်တွင်းပြည်ပရှိ ကရင့်အမျိုးသားအားလုံးအတွက် ဆုမွန်ကောင်း တောင်းအပ်ပါသည်။ မိမိတို့ ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံးနှင့် ကရင့်အမျိုးသား လွတ်မြောက်ရေး တပ်မတော်ကြီး ရှင်သန်ရပ်တည် နေနိုင်ခြင်းသည် မိမိတို့ ကရင့်အမျိုးသားများ၏ ထောက်ပံ့မှု နှင့် ကူညီအားပေးမှုများကြောင့်သာလျှင် ဖြစ်ပါသည်။

ကရင့်အမျိုးသားများ၏ ခုခံတော်လှန်ရေးကြီး စတင်ပေါ်ပေါက်လာချိန်တွင် ကရင့်လက်နက်ကိုင် ခုခံတော်လှန်ရေး အစုအဖွဲ့များ အများအပြား ပေါ်ထွန်းခဲ့ပါသည်။ သို့ရာတွင်၊ ကရင့်အမျိုးသားများသည် မိမိတို့၏ ဘုံရန်သူ မည်သူမည်ဝါ ဖြစ်သည်ကို အတည့်အလင်း သိရှိနားလည်ထားကြပါသည်။ မိမိတို့၏ ရပ်ရွာ၊ နေရပ်ဒေသနှင့် နယ်ပယ်များတွင် မိမိတို့၏အိုးအိမ်၊ စည်းစိမ် နှင့်ကျေးရွာများ အပြင် မိမိတို့၏ ပြည်သူလူထုကို စွမ်းစွမ်းတမံ ကာကွယ်ခဲ့ကြပါသည်။ နောက်ပိုင်းတွင် ကရင့်အမျိုးသားခုခံတော်လှန်ရေးကြီးသည် ရည်ရွယ်ချက် တစ်ခုတည်း၊ တစုတစည်းတည်းနှင့် အင်အားကောင်းကောင်းဖြင့် ခုခံတော်လှန်နိုင်ရန်အတွက် **ကော်သူးလေ အစိုးရ** ကို ၁၉၄၉ ခုနှစ် ဇွန်လ(၁၄)ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်၊ ကရင့်အမျိုးသားခုခံတော်လှန်ရေး အစုအဖွဲ့အားလုံးကိုလည်း **ကော်သူးလေတပ်မတော်** အဖြစ် စုစည်းခဲ့ပါသည်။

ထို့နောက်၊ ၁၉၅၆ ခုနှစ် ဇွန်လ(၂၆)ရက်နေ့ **မောကို**(ဆောထိ မြို့နယ်)တွင် ပြုလုပ်သည့် **ကရင့် အမျိုးသားလုံးဆိုင်ရာကွန်ကရက်** တွင် **ကော်သူးလေတပ်မတော်** ၏ စစ်ရေးဆိုင်ရာ စီမံချက်များကို ကိုယ်စားလှယ် ခေါင်းဆောင်ကြီးများမှ အတည်ပြုခဲ့ကြပြီး ဖွဲ့စည်းပုံနှင့် စုဖွဲ့မှုများကို ပြင်ဆင်မွမ်းမံခဲ့ကြသည့် ဇူလိုင်လ(၅)ရက်နေ့ကို အစွဲပြုပြီး **ကော်သူးလေတပ်မတော်နေ့** အဖြစ် အတည်ပြုခဲ့ကြပြီး ယနေ့ထက်ထိတိုင် ဂုဏ်ပြုကျင်းပလေ့ ရှိပါသည်။ သို့ရာတွင်၊ ခေတ်စနစ် နှင့် နိုင်ငံရေးအရ တိုးတက်ဖြစ်ပေါ်မှုများကြောင့် **ကော်သူးလေတပ်မတော်** အား **ကရင့်အမျိုးသားလွတ်မြောက်ရေး တပ်မတော်** အဖြစ် ပြောင်းလဲပြီး အသိအမှတ်ပြု ခေါ်ဝေါ်ခဲ့ပါသည်။

**ကရင့်အမျိုးသား မျိုးချစ် ခုခံတော်လှန်ရေး ခေါင်းဆောင်များ၊ တပ်ဗိုလ်တပ်မှူးများနှင့် ပြည်သူလူထု အပေါင်းတို့၊**

**ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်** ၏ အဓိက ရည်မှန်းချက်နှင့် အခြေခံ၊ခံယူချက်(၂)ရပ်မှာ၊

(၁) ကရင့်အမျိုးသားများ၏ နိုင်ငံရေး ရည်မှန်းချက်များကို ခုခံကာကွယ်ခြင်းနှင့် တွန်းအားပေး မြင့်တင်ခြင်း။

(၂) ကရင့်အမျိုးသားများနှင့် ပြည်သူလူထုတရပ်လုံး၏ အသက်၊ အိုးအိမ်နှင့် စည်းစိမ်များ ကို ကာကွယ်ပေးခြင်း ဖြစ်ပါသည်။

ထို့အပြင်၊ **ကရင့်အမျိုးသား လွတ်မြောက်ရေး တပ်မတော်** ၏ စည်းမျဉ်းစည်းကမ်းများ၊ ခံယူချက်များနှင့် တာဝန်ဝတ္တရားများမှာ-

(၁) ကေအဲန်ယူ-ကရင့် အမျိုးသား အစည်းအရုံး၏ နိုင်ငံရေး ဦးဆောင်မှုကို ခံယူခြင်း။

(၂) ပြည်သူလူထုနှင့် တသားတည်း ရပ်တည်ပြီး ပြည်သူလူထုအား အလုပ်အကျွေးပြုခြင်း။

(၃) ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ကိုယ့်အားကိုယ်ကိုးခြင်း။

(၄) လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းရှိသော တပ်မတော် ဖြစ်ခြင်း။

(၅) ဒီမိုကရေစီ ကြိုးကိုင်မှုကို ခံယူသော တပ်မတော်နှင့်

(၆) မျိုးချစ် တပ်မတော်ကြီး ဖြစ်ပါသည်။

**ကရင့်အမျိုးသား မျိုးချစ် ခုခံတော်လှန်ရေး ခေါင်းဆောင်များ၊ တပ်ဗိုလ်တပ်မှူးများနှင့် ပြည်သူလူထု အပေါင်းတို့၊**

**ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်** ၏ အကြီးမားဆုံးသော တာဝန်သည် ကရင့်အမျိုးသားများ၏ နိုင်ငံရေး ရပ်တည်ချက်နှင့် ကရင့်ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များအပြင် ကရင့်အမျိုးသားများအား သတ်ဖြတ်ခြင်းများနှင့် ဖျက်ဆီးခြင်းများမှ အကာအကွယ်ပေးခြင်း ဖြစ်ပါသည်။ **ကရင့်အမျိုးသားလွတ်မြောက်ရေး တပ်မတော်** ၏ အဓိကတာဝန်သည် ကရင့်အမျိုးသားများအပြင် ပြည်သူလူထုများအား စစ်အုပ်ချုပ်ရေးစနစ် နှင့် အာဏာရှင်စနစ်ဆိုးများ ၏ ညှဉ်းပန်းနှိပ်စက်ခြင်းများ၊ ရပ်ရွာများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ရက်ရက်စက်စက် သတ်ဖြတ်ခြင်းများမှ တာဆီးကာကွယ်ပေးရန် ဖြစ်ပါသည်။

မိမိတို့၏ နိုင်ငံရေးရပ်တည်ချက်နှင့် နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်သည် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို တည်ဆောက်ရန် ရည်ရွယ်ချက်နှင့်အညီ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်သည်အထိ ကြိုးပမ်းအားထုတ်ကြရပါမည်။ ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံးနှင့် ကရင့်အမျိုးသားများ အဓိက ရည်မှန်းချက်သည် လူမျိုးတိုင်း၊ ပြည်နယ်တိုင်း နှင့် နိုင်ငံတနိုင်ငံလုံးအတွက် အကျိုးရှိသော ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ရန်ဖြစ်ပါသည်။ မိမိတို့ ကရင့်အမျိုးသား တစုတဖွဲ့တည်းနှင့် လူမျိုးတမျိုးတည်းအတွက်သာ မဟုတ်ပေ။

**ကရင့်အမျိုးသား မျိုးချစ်ခုခံတော်လှန်ရေး ခေါင်းဆောင်များ၊ တပ်ဗိုလ်တပ်မှူးများနှင့် ပြည်သူလူထု အပေါင်းတို့၊**

ကရင့်အမျိုးသားများ၏ နိုင်ငံရေးရည်ရွယ်ချက်နှင့် ကရင့်ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ၊ သတ်ဖြတ်မှုများနှင့် ဖျက်ဆီးခြင်းများမှ ကာကွယ်နိုင်ရန် မိမိတို့ **ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်** သည် လွန်စွာအရေးကြီးသည့် တပ်မတော် ဖြစ်ပါသည်။ လက်ရှိနိုင်ငံရေး နှင့် စစ်ရေးဆိုင်ရာ အခြေအနေများသည် မိမိတို့နိုင်ငံ၏ သမိုင်းတလျှောက် ဖြစ်ပျက်ခဲ့သည့် အခြေအနေများနှင့် လုံးဝမတူပဲ တမူထူးခြားနေပါသည်။ စစ်အုပ်စုမှ ပြည်သူလူထုများကို ရန်သူသဖွယ် သဘောထားပြီး ရပ်ရွာများကို အမြောက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ရပ်ရွာများ၊ ဆေးရုံဆေးခန်းများ၊ ဘုန်းကြီးကျောင်းများနှင့် ခရစ်ယာန်ဘုရားကျောင်း များအား လေယဉ်ဖြင့် ဗုံးကြဲခြင်း၊ ကလေးသူငယ်များ စာသင်ကြားနေချိန်တွင် စာသင်ကျောင်းပေါ်သို့ လေယာဉ်ဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းများ အပြင် စာသင်ကျောင်းများပေါ်သို့ လက်နက်ကြီးများဖြင့် အဝေးမှ လှမ်း၍ ပစ်ခတ်ခြင်းများကို လုပ်ဆောင်လေ့ရှိပါသည်။

ထို့ကြောင့်၊ ကရင့်အမျိုးသား လက်နက်ကိုင် ခုခံတော်လှန်ရေးသမားများ အနေဖြင့် မိမိကိုယ်မိမိ ကရင့်အမျိုးသားများအဖြစ် သိရှိနားလည်ထားကြပြီး ကရင့်အမျိုးသားများနှင့် ပြည်သူလူထုကြီး၏ ရန်သူများကို ခုခံတော်လှန်ကြရပါမည်။ စစ်အာဏာရှင်နှင့် အာဏာရှင်များကို ခုခံတော်လှန်နေကြသည့် လူမျိုးတိုင်း၊ အဖွဲ့အစည်းတိုင်းနှင့် လက်တွဲလုပ်ဆောင်ရပါမည်။ မိမိတို့ ကရင့်အမျိုးသားများနှင့်အတူ ကရင့်အမျိုးသားများ၏ နိုင်ငံရေး ရည်ရွယ်ချက်များ ပြီးပြည့်စုံစေရန် နိုင်ငံရေးသတိ အစဉ်ရှိရန် လိုအပ်ပါသည်။

**ကရင့်အမျိုးသား မျိုးချစ် ခုခံတော်လှန်ရေး ခေါင်းဆောင်များ၊ တပ်မိုလ်တပ်မှူးများနှင့် ပြည်သူလူထု အပေါင်းတို့၊**

လက်ရှိနိုင်ငံရေး နှင့် စစ်ရေးဆိုင်ရာ အခြေအနေများသည် မိမိတို့နိုင်ငံ၏ သမိုင်းတလျှောက် ဖြစ်ပျက်ခဲ့သည့် နိုင်ငံရေး၊ စစ်ရေး အခြေအနေများနှင့်မတူပဲ လုံးဝခြားနားလျှက် ရှိပါသည်။ ထို့ကြောင့်၊ မိမိတို့ **ကေအဲန်ယူ-ကရင့် အမျိုးသား အစည်းအရုံး** နှင့် **ကရင့်အမျိုးသားလွတ်မြောက်ရေး(ကော်သူးလေ)တပ်မတော်** အနေဖြင့် ကရင့်အမျိုးသားများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ် နှင့် ကရင့်အမျိုးသားများ၏ နိုင်ငံရေးအပြင် ပြည်သူလူထု တရပ်လုံးအား ပိုမိုထိရောက်သည့် ခုခံကာကွယ်မှုများကို လုပ်ဆောင်နိုင်ရန် လိုအပ်ပါသည်။ ထို့အပြင်၊ အခြေအနေပေးအပ်လာသည့် အခွင့်အရေးများကို အရယူပြီး ပြည်သူ့ရေးရာ ဝန်ဆောင်မှအပြင် မိမိတို့၏ အုပ်ချုပ်ရေး အပါအဝင် မိမိတို့၏ ကိုယ်ပိုင်လုံ့ခြုံရေး စနစ်နှင့် လုပ်ထုံးလုပ်နည်းများကို ထူထောင်ရန် လိုအပ်ပါသည်။ လက်ရှိ အချိန်ကာလသည် ကြီးမားသည့် စိန်ခေါ်မှုများရှိသကဲ့သို့ မိမိတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်းတီးနိုင်မည့် အခွင့်ကောင်းများလည်း ရှိနေပါသည်။

**ကရင့်အမျိုးသား မျိုးချစ်ခုခံတော်လှန်ရေး ခေါင်းဆောင်များ၊ တပ်မိုလ်တပ်မှူးများနှင့် ပြည်သူလူထု အပေါင်းတို့၊**

နိဂုံးချုပ်အနေဖြင့် ပြောလိုသည်မှာ **ကရင့်အမျိုးသားလွတ်မြောက်ရေး(ကော်သူးလေ)တပ်မတော်နေ့** တွင် ကရင့်အမျိုးသားခေါင်းဆောင်များ၊ ကရင့်အမျိုးသားတပ်မတော် တပ်မိုလ်တပ်မှူးများ နှင့် မျိုးချစ်စစ်သည်တော် အားလုံးအတွက် ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ထို့အပြင်၊ စစ်အာဏာရှင်စနစ်နှင့် အာဏာရှင်စနစ်များကို တော်လှန်နေကြသည့် အစုအဖွဲ့အားလုံးအတွက်လည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ **ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်** အား ကျရာတာဝန်နှင့် အခန်းကဏ္ဍတို့တွင် အားသွန်ခွန်စိုက် ကူညီပံ့ပိုးပေးနေကြသည့် ပြည်တွင်းပြည်ပရှိ ကရင့်အမျိုးသားအားလုံးကို အထူးတလည် ကျေးဇူးတင်ရှိကြောင်းလည်း ပြောကြားလိုပါသည်။ မျိုးချစ်တော်လှန်ရေးသမားများ၊ အထူးသဖြင့် **ကရင့်အမျိုးသား လွတ်မြောက်ရေး တပ်မတော်** မှ အရာရှိ စစ်သည်တော်များ၊ တပ်မိုလ်တပ်မှူးများနှင့် မျိုးချစ်စစ်သည်တော်အားလုံး ဘေးရန်အပေါင်းမှကင်းဝေးပြီး ရန်သူခပ်သိမ်းကို အနိုင်ယူနိုင်ပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ **ကရင့်အမျိုးသားလွတ်မြောက်ရေး(ကော်သူးလေ) တပ်မတော်** မှ အရာရှိများနှင့် မျိုးချစ်စစ်သည်တော်အပေါင်း စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နှင့် ရဲစွမ်းသတ္တိ အပြည့်ဖြင့် အောင်မြင်ခြင်းပန်းတိုင်ကို ရောက်ရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ကေအဲန်ယူ-ကရင့် အမျိုးသား အစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**